အနောက်သာဂရကျေးရွာ

အနောက်သာဂရကျေးရွာအုပ်စု

ကျောက်ဆည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အနောက်သာဂရကျေးရွာ၊ ကျောက်ဆည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၂

၁. ကျောက်ဆည်မြို့နယ်၊အနောက်သာဂရအုပ်စု၊အနောက်သာဂရကျေးရွာ၏ သယံဇာတပြန်လည်ပြုပြင်ရေးအစီအစဉ် ၃

၂. ကျောက်ဆည်မြို့နယ်၊အနောက်သာဂရအုပ်စု၊အနောက်သာဂရကျေးရွာ၏ **ရာသီခွင်ပြင် ပြက္ခဒိန်** ၄

၃. ကျောက်ဆည်မြို့နယ်၊အနောက်သာဂရအုပ်စု၊အနောက်သာဂရကျေးရွာ၏ **ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** ၅

၄. ကျောက်ဆည်မြို့နယ်၊အနောက်သာဂရအုပ်စု၊အနောက်သာဂရကျေးရွာ၏ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၄.စ။ ပညာရေး ၉

၄.ဆ။ ကျန်းမာရေး ၉

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၄.ဈ။ ကျား – မ ရေးရာ ၁၀


၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁

နောက်ဆက်တွဲများ


- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၃
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၄

• နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၂၇


၁ ။ကျောက်ဆည်မြို့နယ်၊ အနောက်သာဂရကျေးရွာအုပ်စု၊ အနောက်သာဂရကျေးရွာ၏



၂။ ကျောက်ဆည်မြို့နယ်၊ အနောက်သာဂရကျေးရွာအုပ်စု၊ အနောက်သာဂရကျေးရွာ၏
ရာသီခွင်ပြ ပြကွင်း



၃။ ကျောက်ဆည်မြို့နယ်၊ အနောက်သာဂရကျေးရွာအုပ်စု၊အနောက်သာဂရကျေးရွာ၏ ရွာတွင်း၊ရွာပြင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပုံစံ



၄. ကျောက်ဆည်မြို့နယ်၊အနောက်သာဂရအုပ်စု၊အနောက်သာဂရကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

အနောက်သာဂရကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အတွင်း ပါဝင်သောအုပ်စုကျေးရွာ တစ်ရွာဖြစ်ပြီး ကျောက်ဆည်မြို့၏ အနောက်တောင်ဘက်အရပ်တွင် တည်ရှိပြီး(၃)မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာ၏အကျယ်ဝန်းမှာ(၁၆.၉၃) ဧကရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ဘုန်းကြီးကျောင်း၊ ကျေးရွာ၏အုပ်ချုပ်ရေးမှူးရုံးခန်း၊ ကျေးလက်ဆေးပေးခန်းနှင့် အထက(ခွဲ) စာသင်ကျောင်းတို့ တည်ရှိပါသည်။ ထို့အပြင် ကျောက်ဆည်မြို့နှင့် အမြန်လမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းရှိပါ သည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တံစိုးရွာ၊ ရွာပုလဲရွာ၊ တောင်ဘက်တွင် သံချက်ကုန်းရွာ၊ အနောက်ဘက်တွင် မိုးကြိုးကုန်းကျေးရွာ၊ မကျီးတောကျေးရွာနှင့် မြောက်ဘက်တွင် ကတဲကျေးရွာအစရှိသည့် ကျေးရွာများနှင့် ချိတ်ဆက်တည်ရှိပါသည်။ ကျေးရွာ၏အိမ်ခြေစုစုပေါင်း(၂၀၅) အိမ်ရှိပြီး အိမ်ထောင်စု(၂၀၆)စု ရှိပါသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး အခြားစီးပွားရေး လုပ်ငန်းများလည်း လုပ်ကိုင်လျက် ရှိပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို ကွမ်းဆေးမြောင်းမှမြောင်းငယ်များဖြင့် သွယ်တန်း ရယူပါသည်။ ကျေးရွာ၏ အနောက်ဘက်(၂)မိုင်ခန့် အကွာတွင် ပန်းလောင်မြစ် တည်ရှိသော်လည်း စိုက်ပျိုးရေ သွယ်တန်းမှု မပြုနိုင်ပါ။ ကျေးရွာ၏ ပတ်ဝန်းကျင်အနေအထားမှာ မြေပြန့်လွင်ပြင်ဖြစ်ပြီး သဘာဝသစ်တောများမရှိပါ။ထို့ကြောင့် နွေရာသီတွင် အပူချိန်အနည်းငယ် မြင့်တက်လျက်ရှိသည်။ကျောက်ဆည်မြို့နှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သောကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးတို့တွင် အဆင်ပြေစွာ သွားရောက် ဆောင်ရွက်နိုင်ပါသည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အနောက်သာဂရကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင်အပူချိန်၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ သဘာဝတောင်တန်းများ၊ သစ်တောများနှင့် သဘာဝစိမ့်စမ်းရေအိုင်များ မရှိခြင်းကြောင့် အပူချိန်အနည်းငယ် မြင့်တက်နေသည်။ မိုးရာသီကာလတွင် မိုးရေချိန် အသင့်အတင့် ရရှိပါသည်။ သဘာဝအရင်းအမြစ် ထွက်ရှိမှုနည်းပါးပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ငရုတ်အစရှိသည့်တို့ကို ဒေသတွင်းထုတ်ကုန်အဖြစ် စိုက်ပျိုးလျက်ရှိပါသည်။ တစ်နှစ်ထက်တစ်နှစ်ရာသီဥတု ပြောင်းလဲလာမှုများလည်း ကြုံတွေ့နေရသည်။ နွေရာသီတွင် ရေမလုံလောက်မှု၊ မိုးရာသီတွင် မိုးရေချိန်နည်းမှုနှင့် ဆောင်းရာသီတွင်

ဆီးနှင်းများလျော့ပါးလာမှုတို့က စိုက်ပျိုးရေးအတွက် အခက်အခဲနှင့်ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ ရာသီဥတုမှန်ကန်လာစေရန် သစ်တောများ တိုးချဲ့စိုက်ပျိုးခြင်းများ လုပ်ဆောင်ခြင်းအားဖြင့် ရာသီဥတုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

အနောက်သာဂရကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့(၁)ဖွဲ့၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၉) ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင် ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

အနောက်သာဂရကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိ ရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့ အကျိုးတော် ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ပညာရေးဆိုင်ရာ လုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင် ကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ခါတ်အားလိုင်းများ ထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေးဘဏ္ဍာငွေများ ရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ ကျေးရွာပိုင် အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ ရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ၊ ဟင်းချက်အဖွဲ့များ၊ လူငယ်ပရဟိတအဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ

စီမံခန့်ခွဲ ဦးဆောင်စေခြင်း စသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက် ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

အနောက်သာဂရကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စု(၂၀၆) အိမ်ရှိသည့်အနက်မှ(၁၀၀)ကျော်မှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြပြီး ကျန်အိမ်ထောင်စုဝင်များမှာ နိုင်ငံ ဝန်ထမ်းများ၊ စက်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ပန်းရံ လုပ်ငန်း၊ အရောင်းအဝယ်နှင့်အခြား ကျပန်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာ ရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတု ဖောက်ပြန်ပြီး စိုက်ပျိုးရေ မမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။ စက်ချုပ်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် အခြားကျပန်းလုပ်ငန်း လုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင် များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတတ်ပါသည်။ တောင်သူများမှ စိုက်ပျိုးစရိတ်သက်သာသော သီးနှံများရွေးချယ်စိုက်ပျိုးရာတွင် တခါတရံကျပန်း အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေ၍ မိသားစုစားဝတ် နေရေးအဆင်မပြေမှုများ ဖြစ်တတ်ကြ၍ ၎င်းတို့၏လက်တွေ့အကျိုးဖြစ်ထွန်းမည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားပေးရန် လိုအပ်ပသည်။

အနောက်သာဂရကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့် အခြေအနေအရ အိမ်ထောင်စု(၁၀၀)ကျော်မှာ အဆင်ပြေသောသူများဖြစ်၍ ကျန်အိမ်ထောင်စု(၁၀၆)ကျော်မှာ အဆင်မပြေ သောသူများ ဖြစ်ကြပါသည်။

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

အနောက်သာဂရကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ ကျန်းမာရေးဆေးပေးခန်း နှင့် အစိုးရအထက်တန်းကျောင်းခွဲ ရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာ

အသိပညာပေး ဟောပြောပွဲများ ကျင်းပနိုင်ရန်နှင့် နှစ်စဉ်ပွဲတော်ရက်များ ကျင်းပနိုင်ရန်အတွက် အခြေခံခန်းမဆောင်ဆောက်လုပ်ရန်နှင့် ကျောင်းသား/ သူ များကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေး၍ ရပ်ဝေးမှတာဝန်ကျသော ပညာရေးဝန်ထမ်းများနေထိုင်နိုင်ရေးအတွက် အခြေခံဝန်ထမ်းအိမ်ယာအဆောက်အဦများ ဆောက်လုပ်ပေးရန် လိုအပ်ပါ သည်။ အနောက်သာဂရကျေးရွာ၏ ရွာတွင်းလမ်းများသည် ကျောက်ခင်းလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင်ခြင်း၊ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများ လမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန် လိုအပ်သည်။ အနောက်သာဂရ ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုဝင်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စုဝင်များ အဆင်ပြစွာ ဈေးဝယ်ယူရောင်းချနိုင်ရေးအတွက် အခြေခံဈေးသစ်တည်ဆောက်ပေးရန် လိုအပ်ပါသည်။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ထောင်စု၏(၃၈.၈%)သည် မဟာဓါတ်အားလိုင်းကို အသုံးပြုနေ ကြပါသည်။ တစ်ချို့အိမ်ထောင်စုများဖြစ်သော(၁၂၆) အိမ် (စုပေါင်းအိမ်ထောင်စု၏ (၆၁.၂%) ခန့်သည် မဟာဓါတ်အား လိုင်းသုံးစွဲနိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သော ဆင်းရဲ သော အိမ်ထောင်စုများဖြစ်သည်။

ကျေးရွာဘေးတွင် မည်သည့် ရေကြောင်းသယ်ယူပို့ဆောင်မှုများမှ မရှိပါ။ အခြားသော သယ်ယူပို့ဆောင်ရေးယာဉ်များကိုဇယားတွင် ဖော်ပြထားပါသည်။စက်ဘီး(၁၁၉)စီးမှာ ရွာတွင်းနှင့်ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ်(၂၁၆)စီးမှာ သယ်ယူပို့ဆောင်ရေး ဝန်တင်အဖြစ်သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် ထော်လာကျီ (၁၄) စီးရှိသည်။ ကားအစီး (၁၂)စီးနှင့် နွားလှည်းများမှာ လုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသော အိမ်များ၏ (၃၈.၈%)ခန့်မှာ တီဗွီမှဗဟုသုတ အစီအစဉ်များ ကြည့်ရှုကြသည်။

၄.၈။ ပညာရေး

အနောက်သာဂရကျေးရွာတွင် အစိုးရအထက်တန်းကျောင်းခွဲရှိသည့်အတွက် ကျေးရွာရှိကလေးများ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာ အဆင့်ထိ(၁၄၉)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ (၂.၆၂) ရှိသည်။ စာသင်ကျောင်း ဆောင်၏ အရည်အသွေးမှာ သင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှုမရှိသေးပါ။ ကျေးရွာတွင် မူလတန်း မှစ၍ အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အသီးသီးတွင် ပညာဆည်းပူးနေသော ကျောင်းသား/သူများ ရှိပါသည်။ လက်မှုပညာနှင့်ပတ်သက်၍ လက်သမား၊ ပန်းရံ၊ စက်ချုပ်ခြင်း စသောပညာရပ်များတတ်မြောက်သည့် သူများရှိသလို အထက်တန်းအဆင့်အတန်း ပညာပြီးဆုံးအောင် မသင်ကြားနိုင်သော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ၎င်းတို့နှင့် သင့်တော်၍ လက်တွေ့အကျိုးရှိသော စက်မှု၊ လက်မှုပညာရပ်များ သင်ကြားပေးရန်လိုအပ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

အနောက်သာဂရကျေးရွာတွင် ကျေးလက်ကျန်းမာရေးနှင့် ပတ်သက်၍ပြည်သူလူထုမှာ ဆိုးဝါးသော အခြေအနေတွင် ရှိမနေပါ။တချို့ကျေးလက်နေပြည်သူများတွင် ဆီးချို၊ သွေးတိုးနှင့် မျက်စိရောဂါများ ဖြစ်ပွားနေကြသည်။ တခါတရံ ကလေးငယ်များ မသန့်ရှင်းသော အစားသောက်များ စားသုံးမိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှော ရောဂါဖြစ်ပွားတတ်၍ အစားသောက်နှင့် ဆိုင်သောကျန်းမာရေးဗဟုသုတများ၊ စားသုံးရန် မသင့်လျော်သော အစားအသောက်များအား အသိပညာပေး ဟောပြောပွဲများ ကျင်းပပေးရန်လိုအပ်ခြင်းမှလွဲ၍ တစ်ခြားကူးစပ်တတ်သော ရောဂါဖြစ်ပွားမှုများမရှိပါ။ ကျေးရွာ အိမ်ထောင်စုအားလုံးမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အနောက်သာဂရကျေးရွာတွင် တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်းဘေးအန္တရာယ်များ ဖြစ်ပေါ်တတ်ပါသည်။

အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်ပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့်၊ လူနေအိမ်များ

ပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံ များပျက်စီးဆုံးရှုံးခြင်း ဘေးအန္တရာယ်များ ဖြစ်ပွားတတ်ပါသည်။ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ခါတုပိုးသတ်ဆေး များကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

၄.၈။ ကျား - မရေးရာ

အနောက်သာဂရကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထား ကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများ အရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

အနောက်သာဂရကျေးရွာတွင် ကျား-မမရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီးလှည့်ခြင်းကို သာသနာ့အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့ များ၌ ပိဏ္ဍာပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်း သာရေးနာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂)လရာသီပွဲ တော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ အနောက်သာဂရကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၄၀၀၀/-) ကျပ် ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက်

လုပ်အားခမှာ (၆၀၀၀/-) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အား လပျမ်းမျှမှာ (၃၅၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်း လုပ်ငန်း များတွင် အမျိုးသားပျမ်းမျှ (၆၀၀၀/-) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၃၅၀၀/-) ကျပ်ရရှိကြသည်။ အခြားနိုင်ငံဝန်ထမ်းများတွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများ ရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများ လည်းရှိပါသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်	စီမံချက်အမည်	ဦးစားပေးအဆင့်
ရွာလယ် လမ်းမကြီးအဆင့်မြှင့်တင်ပေးရန်	၁	ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ပေးပါရန်	၁၄
ကျေးရွာတွင်းလမ်းများလမ်းအကျယ်ချဲ့ပေးရန်	၂	စာအုပ်၊စာပေနှင့်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများဖြည့်တင်းပေးရန်	၁၅
ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန်	၃	ခိုင်ခံကျယ်ဝန်းသော တံတားတည်ဆောက်ပေးရန်	၁၆
ပြွန်မြောင်း ရေသောက်ပြွန် နှိမ့်ပေးရန်	၄	စိုက်ပျိုးရေး၊နည်းပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်	၁၇
ကျေးရွာသုံးရေသန့်စက်ချထားပေးရန်	၅	အသက်မွေးဝမ်းကြောင်း သင်တန်းများ ပို့ချပေးရန်	၁၈
စိုက်ပျိုးရေး ကာလရှည်ချေးငွေ လုံလောက်စွာချထားပေးရန်	၆	ကျေးရွာအားကစားကွင်း တည်ဆောက်ပေးရန်	၁၉
စာသင်ကျောင်းအတွက် အဆင့်မြှင့်သင်ထောက်ကူပစ္စည်းများ ချထားပေးရန်	၇	မီးသင့်ြလစ်က် ချထားပေးရန်	၂၀
မီးသတ်ကားချထားပေးရန်	၈	ကျေးလက်ဖွံ့ဖြိုးရေး ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်	၂၁
လျှပ်စစ်ဓါတ်အားလိုင်းထပ်မံတိုးချဲ့ပေးရန်	၉	မြစိမ်းရောင်ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေ ချထားပေးရန်	၂၂
ကျန်းမာရေးဝန်ထမ်းချထားပေးပါရန်	၁၀	**ဆင်းရဲနွေးပါးသော ပညာသင် ကလေးငယ်များအား ကူညီထောက်ပံ့ပေးရန်**	၂၃
ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများချထားပေးရန်	၁၁	**သက်ကြီးရွယ်အို အဖိုးအဖွားများအားဆေးဝါးနှင့်အာဟာရကူညီထောက်ပံ့ပေးရန်**	၂၄

စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းများချထားပေးရန်	၁၂		
ဓါတ်မြေဩဇာနှင့်မျိုးကောင်းမျိုးသန့်များချထားပေးရန်	၁၃		

နောက်ဆက်တွဲ(၁)

အနောက်သာဂရကျေးရွာ၊ အနောက်သာဂရကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဟန်မျိုးအောင်	ဦးအောင်ကြည်	၉/ကဆန(နိုင်)၁၃၅၂၃၅	၂၉	ဥက္ကဋ္ဌ	၀၉-၇၈၃၈၉၇၄၈
၂	ဒေါ်စန်းစန်းငွေ	ဦးအောင်ဆင့်	၉/ကဆန(နိုင်)၁၀၆၅၂၇	၃၇	အတွင်းရေးမှူး	၀၉-၉၆၂၀၁၉၉၄၁
၃	ဦးပြည်စုံအောင်	ဦးအောင်မြင့်	၉/ကဆန(နိုင်)၁၅၁၉၈၈	၂၅	အတွင်းရေးမှူး	၀၉-၇၇၄၁၅၁၉၂၉
၄	ဒေါ်ဟန်နီလာဝင်း	ဦးဟန်	၉/ကဆန(နိုင်)၁၃၀၈၁၄	၃၃	စာရင်းကိုင်(၁)	၀၉-၄၂၆၈၈၁၆၁၂
၅	ဦးထိန်လင်း	ဦးဘိုမင်	၉/ကဆန(နိုင်)၀၆၉၂၃၆	၅၅	စာရင်းကိုင်(၂)	၀၉-၄၀၂၅၆၆၉၁၄
၆	ဒေါ်ခင်အေးမူ	ဦးဆန်း	၉/ကဆန(နိုင်)၁၃၇၁၂၉	၃၆	သော့ကိုင် (၁)	၀၉-၇၆၆၅၃၂၆၃၀
၇	ဦးသက်ဖြိုးဝင်း	ဦးတင်ဝင်း	၉/ကဆန(နိုင်)၁၃၀၈၂၀	၂၉	သော့ကိုင် (၂)	၀၉-၄၀၂၆၆၀၄၁၄
၈	ဦးကျော်မြင့်	ဦးမြသောင်း	၉/ကဆန(နိုင်)၀၁၂၄၉၀	၆၅	အဖွဲ့ဝင်	၀၉-၇၈၀၂၆၈၈၉၂
၉	ဦးဘိုခန့်ဝင်း	ဦးမှတ်ကြီး	၉/ကဆန(နိုင်)၁၆၆၅၉၁	၂၀	အဖွဲ့ဝင်	၀၉-၇၈၀၀၉၁၀၀၄
၁၀	ဒေါ်ခင်သွယ်မိုး	ဦးထွန်းလွင်	၉/ကဆန(နိုင်)၁၂၀၈၇၂	၄၀	အဖွဲ့ဝင်	-
၁၁	ဒေါ်ဇာဇာလွင်	ဦးသိန်းလွင်	၉/ကဆန(နိုင်)၁၂၁၉၇၄	၃၆	အဖွဲ့ဝင်	၀၉-၇၉၈၅၈၆၉၇၆

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၆	၁၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၇	၁၄	၃၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၃	၃၀	၆၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၃	၃၄	၆၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၉၈	၃၆၉	၆၆၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၄	၃၁	၅၅
စုစုပေါင်း		**၄၁၂**	**၄၈၄**	**၈၉၅**
စုစုပေါင်း အိမ်ထောင်စု		**၂၀၆**		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။(၁)နှစ်အောက် နို့စို့အရွယ် ကလေးငယ် စုစုပေါင်းအရေအတွက်မှာ ကလေးမွေးဖွားနှုန်း အလွန်နည်းနေသည်ကို တွေ့ရပါသည်။ ထို့အတူ သက်ကြီးအရွယ်အို အဖိုးအဖွား များမှာလည်း လျော့နည်းနေသည်ကို တွေ့ရသည်။မွေးဖွားနှုန်းကျဆင်းရခြင်းမှာ ဝမ်းစာရေးအတွက် အလုပ်ကိုဦးစားပေး လုပ်ကိုင်နေရခြင်း၊ ကုန်ဈေးနှုန်း များမြင့်လွန်ခြင်းတို့ကြောင့် ကလေးမွေးဖွားပြုစုပျိုးထောင်ရန် အချိန်မပေးနိုင်သည်ကို တွေ့ရပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုး အစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၃၀၃.၅၀	သင့်	အနည်း	မြေအောက်ရေ/ဆည်ရေ
ယာမြေ	၇၆.၂၅	သင့်	မရ	ချောင်း၊မြစ်ရေ
ဥယျာဉ်ခြံမြေ	၈	ကောင်း	မရ	ချောင်း၊မြေအောက်ရေ
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-

မြေအမျိုး အစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၃၈၇.၇၅			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ လယ်မြေအမျိုးအစားများမှာ နှစ်စဉ်ပုံမှန် စိုက်ပျိုးနိုင် သော်လည်း ယာမြေ စိုက်ပျိုးမှုတွင်မူ စိုက်ပျိုးဖြစ်ထွန်းမှု လျော့နည်းလာသည်ကို တွေ့ရပါသည်။ ရာသီဥတုမှာ တစ်နှစ်ထက် တစ်နှစ် ပူပြင်းလာပြီး မိုးရွာသွန်းမှုမှာ နှစ်စဉ်ပုံမှန်မရှိတော့သည်မှာ ယာမြေစိုက်ပျိုးမှု၏ ဖြစ်ထွန်း အောင်မြင်မှု ကျဆင်းစေသော အချက်ဖြစ်ပါသည်။ ရာသီဥတုမဖောက်ပြန်စေရန် သစ်ပင်များပြန်လည် စိုက်ပျိုးသင့်ကြောင်း တွေ့ရှိရ ပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျအပူချိန် −၃၈·C	ပျမ်းမျ မိုးရေချိန် −၄၀·F	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☐ ၃☑	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ရပ်မိရပ်ဖအဖွဲ့အစည်းမှာဘာသာ ရေး၊သာရေး၊နာရေး ၊လူမှုဖွံ့ဖြိုးရေးတို့တွင် အဓိကလုပ် ဆောင်ပြီး ကျေးရွာ၏ ကိစ္စအဝဝတို့ တွင်အဓိကညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရသောအဖွဲ့အစည်း ဖြစ်ပါသည်။
၂	လူငယ် အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑စို က်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	လူငယ်အဖွဲ့အစည်းမှာဘာသာရေ း၊သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ၊လုံခြုံရေးနှင့်ကာကွယ်ရေးတို့ တွင် တက်ကြွစွာပါဝင်လုပ် ဆောင်သောအဖွဲ့ဖြစ်သည်။
၃	စိုက်ပျိုး မွေးမြူရေး အဖွဲ့	၁☑ ၂☐ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	စိုက်ပျိုးရေးကိုအဓိကထား လုပ်ဆောင်၍ဘာသာရေး၊နာရေး၊ လုံခြုံရေးနှင့်ငွေကြေးကိစ္စရပ် များတွင်ပါဝင်လုပ်ဆောင်ပေး သော အဖွဲ့ဖြစ်ပါသည်။
၄	မီးလင်းရေး ကော်မတီ အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ရပ်ရွာ၏ငွေကြေးစီမံခန့်ခွဲမှုများ၊ အုပ်ချုပ်မှုအပိုင်း၊အစည်းအဝေးပွဲ များအားညှိနှိုင်း၍ဆောင်ရွက်ပါ သည်။
၅	အရံမီးသတ် သမားအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	စိုက်ပျိုးရေးကိုဦးစားပေး လုပ်ဆောင်ပြီး ဈေးကွက် အခြေအနေအရဖွံ့ဖြိုးမှု နည်းနေပါသည်။
၆	ငွေစုငွေချေး အဖွဲ့	၁☑ ၂☐ ၃☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	အရောင်းအဝယ်ချေးငွေ စိုက်ဘဏ်တောင်သူချေးငွေ၊ တပိုင်တနိုင်မွေးမြူရေး ချေးငွေပေးပါသော်လည်း အတိုးနှုန်းများသည်။
၇	မိခင်နှင့် ကလေးအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐	ကျန်းမာရေးကိုအထူးဂရုစိုက် ပါသည်။

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အဖွဲ့အစည်းများမှာ ပွင့်လင်းမြင်သာမှုရှိရှိ တိုင်ပင်ဆွေးနွေးကာ ကြိုးစားလုပ်ဆောင်လာကြသည်ကို တွေ့ရပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅-၁၀ဧက	၂-၄ဧက	၁-၀.၅ဧက	-
အိမ်အခြေအနေ	တိုက်(၂)ထပ် အိမ်	တိုက်(၁)ထပ်အိမ်	ထရံကာသွပ်မိုး	သုံးပင် သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကုန်တင်ကား လယ်ထွန်စက်	ထော်လာဂျီ၊ရေစုပ် စက်၊နွားလှည်း	ဆိုင်ကယ်၊ စက်ဘီး	ဆိုင်ကယ်၊ စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး မွေးမြူရေး	စိုက်ပျိုးရေး	ကျပန်း	ကျပန်း
အိမ်ထောင်စု	၄၀	၁၀၀	၄၀	၂၆

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ဆောင်သော်လည်း ၊ အစိုးရ ဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းဝန်ထမ်းများ၊ တနိုင်တပိုင် အသက်မွေးဝမ်းကြောင်းများ ပြုလုပ်လာကြ ၍ ယခင်နှစ်များစွာထက် ပိုမိုအဆင်ပြေ နေထိုင်နိုင်ကြသည်ကို တွေ့ရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၇	၆၉%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၂၉	၁၄%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၃၂	၁၅%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၁၃	၆.၃%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၅	၀.၁၉%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၀၆	၁၀၄%	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့များ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်နီးပါး ခန့်ရှိသည်။ ၎င်းမြေယာမဲ့များမှာလည်း တောင်သူကူလီများသာ အများစုလုပ်ကိုင်ကြသည်။ တောင်သူအများစုမှာ အလုပ်သမားရှားပါးခြင်း၊သီးနှံဈေးကွက်တည်ငြိမ်မှုမရှိပါ။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၃၀၃	တင်း	၅၀	၇၀	၆၀	သင့်
ကုလားပဲ	။	တင်း	၅	၁၂	၁၀	သင့်
နှမ်း	။	တင်း	၄	၈	၆	သင့်
ပဲတီစိမ်း	။	တင်း	၅	၁၂	၁၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်မြေများအား စပါး၊ ကုလားပဲ စိုက်ပျိုးကြပြီး ယာမြေများအား ပဲတီစိမ်းနှင့် နှမ်းများ အဓိကထားအများစု စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဓါတ်မြေဩဇာများဈေးများပြီး သီးနှံထွက်နှုန်း များခြင်း၊စိုက်ပျိုးရေ လုံလောက်မှု မရရှိတာလည်း တွေ့ရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၀	၁၁၆
နို့စားနွား	၂၇	၆၁
ကျွဲ		
မြင်း	၁	၁
မြည်း		
လား		
ဆိတ်	၁	၃၉
သိုး		
ဝက်	၁၃	၃၆
ကြက်	၂၀	၁၅၉
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးသီးသန့်မရှိပါ။ တောင်သူခိုင်းရန်၊ တပိုင်တနိုင် နို့စားနွားနှင့် ကြက်၊ ဆိတ်၊ ဝက်များ အနည်းငယ်မွေးမြူမှုရှိသည်။စားကျက်မြေရှားပါးမှုကြောင့် နို့စားနွားနွေးမွေးမြူရေးများ လျော့နည်းခြင်းများ တွေ့ရှိပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ်သမ ား အရေ	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်

			အတွက်		
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၁၀	၁၀	၂၀	အလယ်အလတ်အဆင့်
၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၅	၁၀	၃၀	
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၅	၁၅	၄၀	
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၂	၂၀	၅၀	
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	၁	၂၀	၁၅	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း)	၆	၃၀	၁၀	
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	၁	၁	၁၀	
၁၂	ပညာရေး	၁၁	၆	၁၀	
၁၃	ကျန်းမာရေး	၁	၄	၄၀	
၁၄	လူမှုရေး လုပ်ငန်းများ	၁၁	၁	၄၀	
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၂၀	၃	၂၀	
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ			၂၈၅	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေး၊ မွေးမြူရေးသမားများလည်း အပိုဝင်ငွေရရှိရန် အခြားလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပြီး မိသားစုစားဝတ်နေရေး ဖြေရှင်းယူကြသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ကျောက်ဆည်ဈေး	ကျောက်ဆည်ဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင်☑ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကုန်စည်ပို့ဆောင် ရောင်းဝယ်ဖောက်ကားမှုမှာ ကျောက်ဆည်မြို့မဈေးနှင့် အေးမြကြည်လင် ဈေးသို့ သွားရောက်ရောင်းဝယ်မှုမှာ အဓိကဖြစ်နေသည်ကို တွေ့ရှိရသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည် အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☑	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်☑ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐၂☐၃☐ ၄☐၅☑	ကောင်း☐ သင့်☐ ညံ့☑	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်☑ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☑၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐ညံ့☑	ပွင့်လင်း ရာသီ☑ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☑ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများချော်ခြင်းများ ဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန် လိုအပ်သည်။

(၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေးကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်...**ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၁၁၉	၂၁၆	-	၁၄	၁၂	-	၁၉

ရင်းမြစ်...**အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။သယ်ယူပို့ဆောင်ရေးအဖြစ် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ကိုသာ အသုံးပြုကြပြီး လယ်တော ထုတ်ကုန်များကိုမှ နွားလှည်းများဖြင့် သယ်ယူကြသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၈၀
ဆိုလာစနစ်	၇၅
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၁၂၆

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ လျှပ်စစ်မီးသုံးစွဲမှု အိမ်ထောင်စုနည်းပြီး လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု အများအပြားရှိနေတာများလည်း တွေ့ရှိရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၃၁၉	၄၀	၁၄၄

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တယ်လီဖုန်းလိုင်းများအားလုံး မိသောကြောင့် တယ်လီဖုန်းများကိုင်ကြသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်တွင် အသင့်အတင့်အနေအထားတွင် ရှိပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၇	၃၇	၇၄
အလယ်တန်း	၁၃	၂၄	၃၇
အထက်တန်း	၁၅	၂၃	၃၈
တက္ကသိုလ်/ကောလိပ်	၁၅	၃၄	၄၉

ရင်းမြစ် ... (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/ သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။အတန်းပညာဆုံးခန်းတိုင်အောင် သင်ယူတက်ရောက်မှုနည်းနေသည်ကို တွေ့ရပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☑ အထက်တန်း☐	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☑	မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐

အကြောင်းအရာ	(၁)			(၂)			(၃)		
	၁၅ မိုင် မှ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၁၅ မိုင် မှ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၁၅ မိုင် မှ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐			ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၂.၆၂								
င။အမိုးနံရံအခင်း အရည်အသွေး	ကောင်း☐သင့်☑ညံ့☐			ကောင်း☐သင့်☐ညံ့☑			ကောင်း☐သင့်☐ညံ့☑		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ☑			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ☑			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ☑		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့်☑ ညံ့☐ မရှိ			ကောင်း ☐ သင့်☐ ညံ့☐ မရှိ			ကောင်း ☐ သင့်☐ ညံ့☐ မရှိ		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ☑			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ☐		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျောင်း	မ	ပေါင်း	ကျောင်း	မ	ပေါင်း	ကျောင်း	မ	ပေါင်း
အစိုးရခန့်	၂	၂၁	၂၃						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) **ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ** (**စတုရန်းပေ = အလျား × အနံ**) **သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျောင်း၏တည်နေရာမှာ ကားလမ်းဘေးတွင်တည်ရှိ၍ သွားလာရေးလွယ်ကူ အဆင်ပြေသည် ကို တွေ့ရသည်။လက်ရှိတွင် ကျောင်းဆောင်မလုံလောက်မှုဖြစ်ပေါ်နေသည်ကို တွေ့ရသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောက	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑
၆	တီဘီ	မြင့်☐	နိမ့်☐	မရှိ☑
၇	ဆီးချို	မြင့်☐	နိမ့်☑	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့်☑	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☐	မရှိ☑
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐	နိမ့်☐	မရှိ☑
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ကျေးလက်ကျန်းမာရေးတိုက်နယ်ဆေးရုံ(ခွဲ)ရှိတာကြောင့် ရောဂါဖြစ်ပွားမှုနှုန်းများ အနည်းငယ်ရှိနေမှုများလည်း တွေ့ရှိပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		✓
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု**	✓	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		✓
၈	အာဟာရပညာပေး အစီအစဉ်		✓

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ကျေးလက်ကျန်းမာရေး တိုက်နယ်ဆေးရုံရှိသည့်အတွက် လစဉ် ကာကွယ် ဆေးထိုးပေးမှုများလည်း တွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☑
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐	ရှိ ☑

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
	၁ မိုင် မှ ၃ မိုင် ☑ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☑	ရှိ ☐ မရှိ ☑

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာနတိုက်နယ်ဆေးရုံတည်ရှိပါသောကြောင့် ကျေးရွာသူ/သား အလွယ်တကူ သွားရောက်ကုသနိုင်ပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၄၃	ကောင်း☐ သင့်☑ ညံ့☐	ရှိ
အဝိစိတွင်း/ စက်တပ်	၁၀၃	ကောင်း☐ သင့်☑ ညံ့☐	ရှိ
အဝိစိတွင်း/ တုံကင်	၁	ကောင်း☐ သင့်☑ ညံ့☐	ရှိ
မိုးရေ သိုလှောင်ကန်	-	ကောင်း☑ သင့်☐ ညံ့☐	-
မြစ်/ချောင်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-
ရေကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
စိမ့်စမ်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယ်ဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရေသန့်ရှင်းမှုမရှိတာများလည်းတွေ့ရှိရပါသည်။ သောက်ရေသုံး ရေများလည်း ကိုယ်တိုင်ဝယ်ယူ သောက်သုံးနေရပါသည်။ ကျေးရွာရေသန့်စက် မရှိတာကိုလည်း တွေ့ရှိရပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၁၂၄
ရေလောင်း/ယင်လုံအိမ်သာ	၁၉
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	၆၃

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုအများစု သုံးစွဲနိုင်ပြီး အနည်းစု အိမ်ထောင်စုများမှာ နှစ်စု/တစ်စု အသုံးပြု နေမှုများ လည်းတွေ့ရှိရပါသည်။

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ
၃	ရေကြီးခြင်း	မရှိ
၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	ငှက်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည့်	မရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဘာဝဘေးအန္တရာယ်ကျရောက်မှု ထိခိုက်မှုများ ကြုံတွေ့မှုမရှိတာများ လည်းတွေ့ရှိရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	**လတ်**	**ပိုမိုကောင်းမွန်စေရန်ဓါတ်မြေသြဇာများအသုံးပြုပါသည်။**
အပင်မျိုးစိတ်များ	**နိမ့်**	**မရှိ**
ရေအရင်းအမြစ်	**နိမ့်**	**မရှိ**
ငါးမျိုးကွဲများ	**နိမ့်**	**မရှိ**
အခြားတိရစ္ဆာန်မျိုးကွဲများ	**နိမ့်**	**မရှိ**

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာသုံးဓါတ်မြေသြဇာများ အသုံးပြုမှုများနေမှုကိုလည်းတွေ့ရှိရပါသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ☐	*မရှိ☑*
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ☑	*မရှိ☐*

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း အဖွဲ့အစည်းအချို့တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်လုပ်ဆောင်ကြသည်။

ကျောက်ဆည်မြို့နယ်၊ မြေစိုမိုးကောင်းအုပ်စု၊ မြေစိုမိုးကောင်းကျေးရွာ၏ ဖွံ့ဖြိုးရေးအထောက်အကူပြုဧယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေဖြေရှင်းနည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းစဉ်များ
အခြေခံအဆောက်အဦ					
ကျေးရွာတွင်းလမ်းမကြီးသည် မိုးတွင်းသွားရန်ခက်ခဲခြင်း၊ ကုန်စည်ကူးသန်းရေးအတွက်လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊သွားရေးလာရေးအတွက် အချိန်ပေးရခြင်း၊	မြေသားလမ်းဖြစ်ခြင်း မိုးရာသီတွင် ကျေးရွာတွင်းလမ်းများ ရေများအိုင်နေခြင်း၊ ရေနုတ်မြောင်းများမရှိခြင်း၊ကုန်စည်ပို့ဆောင်ရန် အချိန်ပေးရခြင်း၊ တိုက်ရိုက်မသွားနိုင်ဘဲ ဝေ့ဝိုက်သွားရန် အချိန်ကုန်ခြင်း၊	ဤလမ်းမကြီးသည် ကျေးရွာ၏ မရှိမဖြစ်လမ်းမကြီးဖြစ်ပြီး ပြည်သူလူထု ထည့်ဝင်ငွေဖြင့်လမ်းများ ကောင်းမွန်ရန်အတွက် ပြုပြင်နိုင်ခြင်း၊	ကျေးရွာတွင်းလမ်းသည် ရွာလည်လျားသောကြောင့် အလှူငွေများနှင့် လုံလောက်မှုမရှိခြင်း ဆောက်လုပ်ရေး နည်းပညာမရှိခြင်း၊ အဆင့်မြင့်ပြုပြင်ရန် လိုအပ်ခြင်း၊	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးလက်ဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်ခြင်းအလှူရှင်များရှာခြင်း တည်ဆောက်ရေးနည်းပညာများအားဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံခြင်း တည်ဆောက်ရေးပစ္စည်းများစုဆောင်းခြင်း၊	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းအဆင့်မြှင့်တင်ပေးရန်
လမ်းများကျဉ်း၍ ယာဉ်မတော်ဆမှုများဖြစ်ပွားနိုင်မှုများ	မြေသားလမ်းမှာ မညီညာခြင်းချိုင့်အကြီးစားများရှိနေခြင်းအချို့နေရာများတွင် မိုးရွာက ဗွက်များထခြင်းလယ်ယာကုန်ထုတ်သမားများမှလည်း အသုံးပြုနေရခြင်း	ဤလမ်းမကြီးသည်ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ကျောက်ဆည်သို့သွားသော မရှိမဖြစ်လမ်းတစ်ခုဖြစ်သည်။ပြည်သူလူထုထည့်ဝင်ငွေဖြင့်လမ်းများကောင်းမွန်ရန်အတွက် ပြုပြင်နိုင်ခြင်း၊	လမ်းနယ်နမိတ်မကျယ်ဝန်းခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးလက်ဌာန၊ ကျေးလက်လမ်းဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်းခြင်းတည်ဆောက်ရေးနည်းပညာများအားဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံ	ကျေးရွာတွင်းလမ်းများလမ်းအကျယ်ချဲ့ပေးရန်

				ခြင်းတည်ဆောက်ရေး ပစ္စည်းများစုဆောင်းခြင်း	
စိုက်ပျိုးရေးအတွက် အလွယ်တကူသယ်ယူရန်ခက်ခဲမှုများရှိခြင်း	စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုနည်းလမ်းမရှိခြင်း၊	ကျေးရွာမှလုပ်ဆောင်ရန် ရည်ရွယ်ချက်ထားရှိခြင်း	ဦးစီးဆောင်ရွက်မည့်သူ မရှိခြင်း၊	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးလက်ဌာနတို့ချိတ်ဆက် ဆောင်ရွက်ခြင်း၊ကျေးရွာ ရန်ပုံငွေစုဆောင်းခြင်း၊ တည်ဆောက်ရေးနည်းပညာ များအား ဌာနဆိုင်ရာများမှ ပံ့ပိုးစေရန် တောင်းခံခြင်း တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်း	ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရန်
ကုန်စည်ပို့ဆောင် ရာတွင်အခက်အခဲ ရှိခြင်း	တံတားကြွံခိုင်မှုအားနည်း ခြင်း	ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ နှင့်ကျေးရွာပြည်သူ့လူထု ထည့်ဝင်ငွေဖြင့်စုပေါင်း၍ တည်ဆောက်နိုင်ခြင်း	ကုန်စည်ပို့ဆောင်မှုတွင် တွင်ကျယ်စွာမလုပ်နိုင် ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကျေးလက်လမ်းဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊	ခိုင်ခံကျယ်ဝန်းသော တံတားတည်ဆောက်ပေး ရန်
လျှပ်စစ်					
မဟာဓါတ်အား လိုင်းရှိသော်လည်း ဆင်းရဲသောအိမ် ထောင်စု(၁၉၈) သည်လျှပ်စစ်မီး မရရှိသေးခြင်း	လျှပ်စစ်မီးမရ၍ချက်ရေး ပြုတ်ရေးတွင် အချိန်များ ပေးရခြင်း၊အိမ်တွင်း အသေးအစားစက်မှု လုပ်ငန်းများ မလုပ်နိုင် ခြင်း၊	မီးလင်းရေးကော်မတီရှိ ခြင်း၊လျှပ်စစ်မီးရရှိပြီး သားရွာဖြစ်ခြင်း၊ လျှပ်စစ်မီးချိတ်ဆက် သွယ်တန်းရန် ဓါတ်တိုင်များ အဆင်သင့်ရှိနေခြင်း၊	လျှပ်စစ်ကော်မတီသို့ လျှပ်စစ်ကြိုးသွယ် တန်းခပေးသွင်းရန် ငွေကြေးမတက်နိုင်ခြင်း	ကျေးရွာမီးလင်းရေး ကော်မတီ၊ လျှပ်စစ် စွမ်းအင်ဝန်ကြီးဌာနနှင့် အလှူရှင်များ ချိတ်ဆက် ဆောင်ရွက်ရန်အစိုးရ အထောက်အပံ့ဖြင့်မီးလင်း ခြင်း(သို့)မီးလင်းရေးအတွက် ချေးငွေများ ချပေးခြင်း	လျှပ်စစ်ဓါတ်အားလိုင်း ထပ်မံတိုးချဲ့ပေးရန်)
ကျန်းမာရေး					
ဆေးဝါးပစ္စည်းနှင့်	**ကျန်းမာရေးနှင့်ပညာရေး**	**ကျန်းမာရေးနှင့်ပညာရေး**	-	**ကျန်းမာရေးနှင့်ပညာရေးဌာ**	**ကျန်းမာရေးအ**

သင်ထောက်ကူပစ္စည်းများထောက်ပံ့မှုအားနည်းခြင်း	ဌာနမှဆေးဝါးများနှင့် သင်ထောက်ကူပစ္စည်းများရရှိနိုင်ခြင်းဖြင့်ကျေးရွာမှပြည်သူလူထုနှင့် စာသင်ကျောင်းများအဆင်ပြေနိုင်ခြင်း၊	ဌာနမှထောက်ပံ့ပေးခြင်းဖြင့်ကျေးရွာနေပြည်သူများကျန်းမာရေးအတွက် ကောင်းမွန်တိုးတက်စေခြင်း၊သင်ထောက်ကူပစ္စည်းများရရှိခြင်းဖြင့် ပိုမိုသင်ကြားနိုင်ခြင်း၊		နမှ ထောက်ပံ့ပေးခြင်းဖြင့် ကျေးရွာနေပြည်သူ့လူထုအတွက်ဖျားနာမှုမရှိစေရန်နှင့်လွယ်ကူစွာသင်ကြားနိုင်ခြင်း၊	ထောက်အကူပြုပစ္စည်းများထောက်ပံ့ပေးနိုင်ရန်၊
မိုးတွင်းကာလတွင် အခက်အခဲရှိခြင်း	မီးသင်္ဂြိုလ်စက်မရှိခြင်း၊	ကျေးရွာတွင်လူမှုကူညီရေးအသင်းရှိခြင်း၊	ဦးစီးဆောင်ရွက်မည့်အဖွဲ့အစည်းမရှိခြင်း၊	လူမှုကူညီရေးအသင်းများနှင့် ချိတ်ဆက်မှုရှိခြင်း၊	မီးသင်္ဂြိုလ်စက်ချထားပေးရန်၊
ကျန်းမာစွာနေထိုင်ရန်ဆေးဝါး၊အာဟာရချို့တဲ့ခြင်း	ကျေးရွာရှိသက်ကြီးရွယ်အိုများကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း	ကျေးရွာရန်ပုံငွေထားရှိခြင်း	ကျေးရွာရန်ပုံငွေမလုံလောက်ခြင်း	လူမှုကူညီရေးအသင်းရှိခြင်း	သက်ကြီးရွယ်အိုများအားဆေးဝါး၊အာဟာရကူညီထောက်ပံ့မှုပေးစေလိုခြင်း
ပညာရေး					
မိဘများသားသမီးများအား ရာနှုန်းပြည့် စိတ်မချရ ဖြစ်နေရခြင်း	စာသင်ကျောင်းတွင်သင်ထောက်ကူပစ္စည်းများမလုံလောက်ခြင်း၊	စာသင်ကျောင်းဝန်းတွင် မြေနေရာလွတ်များနှင့် စာသင်ဆောင်များ ထိုက်သင့်စွာ ရှိနေခြင်း	ကျောင်းဆောင်သစ် ဆောက်လုပ်ရန် (၁၀၀%) မတက်နိုင်ခြင်း	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ပညာရေးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်းခြင်းတည်ဆောက်ရေးနည်းပညာများအားဌာန ဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံ ခြင်း တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်းသင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်း / အားပေးကူညီကြခြင်း	စာသင်ကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ ချထားပေးရန်
စာသင်ကျောင်းသား	ပညာရေးနှစ်ထပ်ကျောင်း	ပညာရေးရန်ပုံငွေချထား	မြေနေရာ မရှိခြင်း	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊	ကျောင်းဆောင်အသစ်တိုး

/သူများပြားခြင်း	ဆောင်အသစ်တိုးချဲ့ခြင်းဖြင့်စာသင်ကျောင်းသား/သူများကောင်းမွန်စွာစာသင်နိုင်ခြင်း၊	ပေးခြင်း၊	Laboratory ခန်းသီးသန့်မရှိခြင်း/ ပြုလုပ် မပေးနိုင်ခြင်း၊	မိဘဆရာအသင်း၊ပညာရေးဌာနတို့ချိတ်ဆက်ဆောင်ရွက်ခြင်း၊ကျေးရွာရန်ပုံငွေစုဆောင်းခြင်း၊	ချဲ့ဆောက်လုပ်ပေးရန်၊
ပညာသင်ယူမှုတွင်အခက်အခဲရှိခြင်း	ချို့တဲ့သောပညာသင်ကေားငယ်များအားထောက်ပံ့မှုမရှိခြင်း	ကျောင်းရန်ပုံငွေထားရှိခြင်း	ကျောင်းရန်ပုံငွေမလုံလောက်ခြင်း	ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်မှုရှိခြင်း	ပညာသင်ယူနေသောဆင်းရဲနွမ်းပါးကလေးငယ်များအားကူညီထောက်ပံ့ေးရန်
အသိပညာဗဟုသုတရှာဖွေမှုခက်ခဲခြင်း	စာကြည့်တိုက်နှင့်လိုအပ်သည့်စာအုပ်စာပေများမရှိခြင်း	ကျေးရွာစာကြည့်တိုက်ရှိခြင်း	စာအုပ်စာပေ မလုံလောက်သည့်အတွက်လေ့လာသူနည်းပါးခြင်း	ကျေးရွာရန်ပုံငွေထားရှိခြင်း	စာအုပ်စာပေနှင့်လိုအပ်သည့်အထောက်အကူပြုပစ္စည်းများဖြည့်တင်းပေးရန်
စိုက်ပျိုးရေး					
လယ်ယာလုပ်ငန်းများတိုးချဲ့လုပ်ဆောင်နိုင်မှုမရှိခြင်း	လယ်ယာသုံးစက်ပစ္စည်းများမရှိခြင်း၊	ရာသီအလိုက်သီးနှံများစိုက်ပျိုးနိုင်ခြင်း၊	ဝယ်ယူရန်ငွေကြေးမလုံလောက်ခြင်း၊	ချေးငွေထုတ်ယူ၍ရခြင်း၊	စိုက်ပျိုးရေးဆိုင်ရာစက်ပစ္စည်းများချထားပေးရန်၊
ကျေးရွာအတွင်းစိုက်ပျိုးရေးမြောင်းများမကောင်းခြင်း	ရေသွင်းမည့်အချိန်တွင်ရေများလုံလောက်စွာမသွင်းနိုင်ခြင်း	တောင်သူများမှမြောင်းများကိုကောင်းမွန်စွာတူးဖော်ထားခြင်း	တရားမဝင်ပြန်များတပ်ဆင်မှုများရှိခြင်း	ကျေးရွာအုပ်ချုပ်ရေးမှူး၊တောင်သူများနှင့်ဆည်မြောင်းဌာနတို့ချိတ်ဆက်ဆောင်ရွက်ရန်	ပြန်မြောင်းရေသောက်ပြန်နှိမ့်ပေးရန်
မျိုးကောင်းမျိုးသန့်ရရှိရေးကဲ့သို့သောစိုက်ပျိုးရေးနည်းပညာ	စိုက်ပျိုးရေးနည်းပညာလက်လှမ်းမမှီခြင်း၊ ရာသီဥတုမမှန်၊မိုးခေါင်ရေရှားလိုအပ်သောမြေဩာ၊	သဘာဝမြေဩာ(နွားချေး)ပေါများခြင်း၊ သွင်းအားစုများဝယ်ယူရန်လက်လှမ်းမှီခြင်း၊	ဓါတ်မြေဩာများကိုအလွန်အကျွံသုံးစွဲခြင်း	မျိုးကောင်းမျိုးသန့်ရရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာများရရှိခြင်းဖြင့် တောင်သူများ၏အခက်အခဲများဖြေရှင်းနိုင်	စိုက်ပျိုးရေးနည်းပညာများ ဟောပြောခြင်း၊ ပညာပေးခြင်း၊

ဟောပြောပွဲများ နည်းပါးခြင်း	ဆေးအလုံအလောက် မသုံးစွဲတတ်ခြင်း			ခြင်း၊	
နှစ်စဉ်သီးနှံထွက် နှုန်းများလျော့နည်း ခြင်း	ခါတ်မြေဩနှင့်မျိုး ကောင်းမျိုးသန့်များမရှိ ခြင်း၊	စိုက်ပျိုးရေးဌာနမှမျိုး ကောင်းမျိုးသန့်များဝယ် ယူနိုင်ခြင်း၊	ဝယ်ယူစရိတ်မြင့်မားနေ ခြင်း၊	မျိုးစေ့များစုဆောင်းထားနိုင် ခြင်း၊	ခါတ်မြေဩနှင့်မျိုး ကောင်းမျိုးသန့်ချထား ပေးရန်
လူငယ်					
အားကစားကွင်း ဆောက်လုပ်ပေးပါ ရန်အားကစား ပစ္စည်းများမရှိခြင်း၊	ကျေးရွာအတွင်းရှိ ကလေးငယ်များလွယ် လပ်စွာကာယ အားကစားပြုလုပ်နိုင် ရန်၊	ကျေးရွာရန်ပုံငွေဖြင့်အား ကစားကွင်းများတည် ဆောက်နိုင်ခြင်း၊	-	ကျေးရွာရန်ပုံငွေဖြင့် ကလေးငယ်များလွတ်လပ်စွာ ကစားနိုင်ရန် အတွက် အားကစားကွင်းများ တည်ဆောက်ပေးခြင်း	ကျေးရွာအားကစားကွင်း ဆောက်လုပ်ပေးပါရန်နှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးပါရန်၊
စာကြည်တိုက်မရှိခြင်း	**သတင်းစာ၊စာအုပ်စာ ပေများရယူရှိတ်ဆက် ရန်နည်းပါးခြင်း၊ဗဟု သုတများအားနည်း ခြင်း၊**	**အင်တာနက်လက်လှမ်းမှီ ခြင်း၊**	**စာဖတ်သည့်အလေ့အထ နည်းပါးခြင်း၊**	**ပြန်ဆက်ဌာနနှင့်ရပ်မိရပ်ဖ များနှင့်ပူးပေါင်းဆောင်ရွက်**	**စာကြည့်တိုက်ဆောက် လုပ်ပေးပါရန်၊**
ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အခက်အခဲရှိခြင်း	**ကျေးရွာဖွံ့ဖြိုးရေးရန်ပုံ ငွေဘဏ်မရှိခြင်း**	**ကျေးရွာရန်ပုံငွေရှိခြင်း**	**ကျေးရွာရန်ပုံငွေ မလုံလောက်ခြင်း**	**ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနချိတ်ဆက်မှုရှိခြင်း**	**ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်**
ဘဏ်နှင့်ငွေကြေးဝန် ဆောင်မှုကဏ္ဍ					
ဆင်းရဲသားများအရင်း အနှီးနည်းခြင်းနှင့်ငွေ လက်လှမ်းမမီခြင်း၊	ဆင်းရဲသားများအတွ က်သင့်တော်သောချေး ငွေစနစ်မရှိခြင်း၊အတိုး	ဆင်းရဲသားများအတွက် သင့်တော်သောချေးငွေ စနစ်ထူထောင်ပေးခြင်း	ပုဂ္ဂလိကဘဏ်စနစ်ဖွံ့ဖြိုး မှုအားနည်းနေခြင်း	ဆင်းရဲသားများအတွက်သင့် တော်သောချေးငွေစနစ်ထူ ထောင်ပေးခြင်း၊ငွေစုငွေချေး	ဘဏ်နှင့်ငွေကြေးဝန် ဆောင်မှုစီမံကိန်း၊မြစိမ်း ရောင်စီမံကိန်း၊

	နှုန်းများခြင်းကာလတို ချေးငွေများသာဖြစ်ခြင်း			စနစ်ထူထောင်ခြင်း၊	
စိုက်ပျိုးရေး/မွေးမြူ ရေးလုပ်ငန်းများအတွက် ကာလရှည်ချေးငွေမလုံလောက်ခြင်း၊	စိုက်ပျိုးရေး/မွေးမြူရေး လုပ်ငန်းများပြုလုပ်ရာ တွင်သက်သာချောင်ချို စွာဖြင့်ပြုလုပ်နိုင်ခြင်း၊	မြစိမ်းရောင်စီမံကိန်းရရှိ ခြင်းဖြင့်ပြည်သူများ၏ စိုက်ပျိုးရေး/မွေးမြူရေး လုပ်ငန်းများအတွက် ကောင်းမွန်စွာဖြေရှင်းနိုင် ခြင်း၊	-	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ မြို့နယ်စည်ပင်၊ ကျေးလက်ဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်း ခြင်း	စိုက်/မွေးအတွက်ကာလ ရှည်ချေးငွေများရရှိစေရန်
စိုက်/မွေးမဟုတ်သော အခြားစီးပွားရေး လုပ်ငန်းများ					
အလုပ်အကိုင်အခွင် အလမ်းနည်းခြင်း	အရင်းအနှီးမလုံလော က် ခြင်း	-	-	အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖွင့်လှစ်ခြင်းဖြင့် ပြည်သူလူထုအနေဖြင့် လုပ်ငန်းများရရှိစေရန်၊	အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေး ပါရန်၊
သယ်ဇာတနှင့်ပတ်ဝန်းကျင်					
မီးဘေးအန္တရာယ် ကျရောက်လာပါက ဆုံးရှုံးမှု များနိုင်ချေရှိခြင်း	ကြိုတင်ကာကွယ်ရေး စနစ်မရှိသေးခြင်း မီးဘေးကိစ္စများဆော င်ရွက် ရာတွင် မြို့နယ်အလှမ်းဝေး ခြင်း	မီးသက်ရေကန်တည်ဆော က်ရန် နေရာများရှိခြင်း အလှူရှင်များရှိခြင်း ကျေးရွာမှ အလှူငွေကောက်ခံ နိုင်ခြင်းသင်တန်းဆင်း အရန်မီးသက်တပ်ဖွဲ့ရှိခြင်း	ပြည့်စုံသောငွေကြေးမရှိ ခြင်း၊ မီးသက်ကားဝယ်ယူရန် ဥပဒေများရှိနေခြင်း	ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးများ၊ မီးသက်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေ းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန တို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	မီးသက်ကားဝယ်ယူခြင်း စီမံချက် မီးသက်ကန် တည်ဆောက်ခြင်း